## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄/၉၃)

ရန်ကုန်မြို့၊ ၁၃၅၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောင်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဟိုတယ်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များတည်းခိုရန် သတ်မှတ်ထားသော အခန်းအရေအတွက်နှင့် အဆင့်အတန်းတို့ရှိပြီး အစားအစာ၊ အဖျော်ယမာနှင့် အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် မိုတယ်လုပ်ငန်းနှင့် ဧည့်ဂေဟာလုပ်ငန်းတို့ ပါဝင်သည်၊

(ခ) **တည်းခိုရိပ်သာလုပ်ငန်း** ဆိုသည်မှာ နိုင်ငံခြားခရီးသည်များအတွက်ဖြစ်စေ၊ ပြည်တွင်းခရီးသည်များနှင့် နိုင်ငံခြားခရီးသည်များ နှစ်မျိုးလုံးအတွက်ဖြစ်စေ၊ တည်းခိုရေးကိုသာ စီစဉ်ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည်၊

(ဂ) **ခရီးသွားလာရေးလုပ်ငန်း** ဆိုရာတွင် နိုင်ငံခြားခရီးလှည့်လည်သွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းဖြစ်သော ခရီးစဉ်ဆောင်ရွက်မှု လုပ်ငန်း၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်း၊ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းနှင့် ဧည့်လမ်းညွှန်လုပ်ငန်းတို့ပါဝင်သည်၊

(ဃ) **နိုင်ငံခြားခရီးသည်** ဆိုသည်မှာ ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားဧည့်သည်များကို ဆိုသည်၊

(င) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း** ဆိုသည်မှာ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာ လုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကိုဆိုသည်၊

(စ) **လိုင်စင်** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတစ်ခုခုလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသော လုပ်ကိုင်ခွင့်ကို ဆိုသည်၊

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကို ဆိုသည်၊

(ဇ) **ဝန်ကြီး** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ဈ) **ဦးစီးဌာန** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်၊

(ည) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကို စစ်ဆေးနိုင် ရန် ဦးစီးဌာနက ဖွဲ့စည်းပေးသော အဖွဲ့ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရေမြေ တောတောင် သဘာဝအလှများကို ခရီးသည်များ လေ့လာနိုင်စေရန်၊

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြောင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရေမြေ တောတောင်သဘာဝအလှများ ထိခိုက်ပျက်စီးမှု မရှိစေရန်၊

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကို အကြောင်းပြု၍ နိုင်ငံတကာချစ်ကြည် ရင်းနှီးမှုနှင့် သိရှိနားလည်မှုတို့ကို အထောက်အကူပြုစေရန်၊

(င) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အတတ်ပညာရပ်များ တိုးတက် ထွန်းကားစေ၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊

(စ) ခရီးသည်များ၏ လုံခြုံမှုနှင့် စိတ်ကျေနပ်မှု ရရှိစေရန်။

**အခန်း (၃)**

**ဟိုတယ်နှင့် ခရီးသွားအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဟိုတယ်နှင့် ခရီးသွားအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်း ရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) လိုအပ်လျှင်ဟိုတယ်နှင့် ခရီးသွားအာဏာပိုင်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်၊

(ဂ) ဟိုတယ်နှင့်ခရီးသွားအာဏာပိုင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဟိုတယ်နှင့် ခရီးသွားအာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး အဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် အတတ်ပညာများ စနစ်တကျ တိုးတက်ပြန့်ပွားစေရေး တို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း။

## အခန်း (၄)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်ပနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊

(ဃ) ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အရည်အသွေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အတတ်ပညာရပ်များ စနစ်တကျ တိုးတက်ပြန့်ပွား စေရေးတို့အတွက် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ပြပွဲများကျင်းပခြင်း၊

(င) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူက ကြိုတင်၍ ခွင့်ပြုချက်ရရှိရန် လျှောက်ထားသော လုပ်ငန်းစီမံချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်စေ ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း တစ်ခုချင်း၏ အမျိုးအစား၊ အဆင့်အတန်းနှင့် လုပ်ငန်းလိုအပ်ချက်များ သတ်မှတ်ခြင်း၊

(ဆ) ခရီးသွားလာရေးလုပ်ငန်း၏ အမျိုးအစားနှင့် လုပ်ငန်းလိုအပ်ချက်များ သတ်မှတ် ခြင်း၊

(ဇ) နိုင်ငံခြားခရီးသည်များက မြန်မာနိုင်ငံ၏ အကြောင်းကို ပိုမိုစိတ်ဝင်စားပြီး လာရောက်လေ့လာလိုစိတ် ပွားများလာစေရန် လိုအပ်သည့် အစီအစဉ်များ၊ အစီအမံများ ချမှတ်ပေးခြင်း၊

(ဈ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဒေသ သတ်မှတ်ခြင်း၊

(ည) နိုင်ငံခြားခရီးသည်များအား ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးနှင့် သက်တမ်းတိုးမြှင့်ပေးရေး အတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) ပြည်နယ်၊ တိုင်း၊ ခရိုင်များနှင့် လိုအပ်သော မြို့နယ်များတွင် ဟိုတယ်နှင့်ခရီး သွားလာရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ အစိုးရဌာန၊

အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

(ဌ) လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ခ၊ လိုင်စင်ဒဏ်ကြေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ သတ်မှတ်ခြင်း၊

(ဍ) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်ချက်တိုးတက်မှုအခြေအနေကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာတင်ပြခြင်း။

## အခန်း (၅)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဟိုတယ်နှင့်ခရီးသွား အာဏာပိုင်အဖွဲ့ကလည်းကောင်း၊ ဝန်ကြီးဌာနကလည်းကောင်း ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် လိုင်စင်စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) လိုင်စင်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အတတ်ပညာရပ်များ စနစ်တကျ တိုးတက်ပြန့်ပွားစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်း၊

(စ) ဟိုတယ်နှင့်ခရီးသွားလာရေလုပ်ငန်းကို စစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဆ) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်အရ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိသဖြင့် လိုင်စင်ရရှိသူက တင်ပြလာသည့်ကိစ္စကို အဆုံးအဖြတ်ပေးခြင်း၊

(ဈ) ဤဥပဒေအရ ပေးဆောင်ရန်ရှိသော အခွန်အခများကို ပျက်ကွက်သူထံမှ သတ်မှတ်သော နည်းလမ်းများနှင့်အညီ အရကောက်ခံခြင်း။

## အခန်း (၆)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း

၈။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်လိုသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သည့် အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ အခြားအဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ငန်းစီမံချက် စတင်အကောင်အထည်မဖော်မီ ကြိုတင်၍ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်သော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၉။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရနှင့်ဖက်စပ်လုပ်ကိုင်သည့်အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ အခြားအဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်သည် ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ရန်ရည်ရွယ်၍ အဆောက်အအုံကို ဆောက်လုပ်ဆဲ သို့မဟုတ် ပြုပြင်မွမ်းမံဆဲဖြစ်ပါက ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာန သို့ သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းစီမံချက်ကို တင်ပြ၍ လျှောက်ထားရမည်။

၁၀။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လျက်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်သည့်

အဖွဲ့အစည်း စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ဝန်ကြီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်ရရှိရန် လျှောက်ထားခြင်းမှ ကင်းလွတ်စေရမည်။

၁၁။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူ၏ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံလျက် စိစစ်ရမည် -

(၁) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ၊

(၂) အနာဂတ်စီမံကိန်းများအတွက် အထောက်အကူဖြစ် မဖြစ်၊

(၃) လုပ်ငန်းလုပ်ကိုင်မည့် နယ်မြေဒေသ၏ ဝန်ဆောင်နိုင်အားနှင့် မျှတမှုရှိ မရှိ၊

(ခ) ပုဒ်မခွဲ (က)အရ စိစစ်ပြီး လုပ်ငန်းစီမံချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၇)
## လိုင်စင်လျှောက်ထားခြင်း

၁၂။ ပုဒ်မ ၁၁ အရ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိသူသည် လုပ်ကိုင်လိုသည့် ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းအတွက် လိုင်စင်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်သောနည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၃။ တည်းခိုရိပ်သာလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံခြားခရီးသည်များအတွက်ဖြစ်စေ၊ ပြည်တွင်းခရီးသည်များနှင့် နိုင်ငံခြားခရီးသည်များ နှစ်မျိုးလုံးအတွက်ဖြစ်စေ တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်သူသည် ဤဥပဒေအရသာ လိုင်စင်လျှောက်ထားရမည်။

၁၄။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရနှင့်ဖက်စပ်လုပ်ကိုင်သည့် အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ယင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေအရ လိုင်စင်ရယူခဲ့ခြင်း မရှိလျှင် လိုင်စင်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်သော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၅။ ခရီးသွားလာရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန်ဦးစီးဌာနသို့ သတ်မှတ်သော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၆။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း တစ်ခုခုအတွက် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနသည် သတ်မှတ်ထားသည့် လုပ်ငန်းလိုအပ်ချက်များနှင့်ညီညွတ်မှုရှိ မရှိ စိစစ်ပြီး -

(က) ညီညွတ်ပါက လိုင်စင်ထုတ်ပေးရမည်၊

(ခ) မညီညွတ်ပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

## အခန်း (၈)
## လိုင်စင်ရရှိသူ၏ တာဝန်များ

၁၇။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်တွင် ခွင့်ပြုသည့်လုပ်ငန်းကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်၊

(ခ) လိုင်စင်ခနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သော နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးဆောင်ရမည်၊

(ဂ) လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဃ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခွင့်ပြုရမည်၊

(င) ဦးစီးဌာနက သတ်မှတ်ထားသော စာရင်းများ၊ မှတ်တမ်းများကို သတ်မှတ်သော နည်းလမ်းများနှင့်အညီ ပေးပို့ရမည်၊

(စ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်သော နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်၊

(ဆ) ဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၈။ (က) လိုင်စင်ရရှိသူသည် မိမိကတာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူ ပြောင်းလဲလျှင် ထိုသို့ပြောင်းလဲကြောင်းကို ဦးစီးဌာနသို့ စာဖြင့်အကြောင်းကြားရမည်၊

(ခ) လိုင်စင်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူ ကဖြစ်စေ လုပ်ငန်းတည်နေရာ ပြောင်းလဲလျှင် ထိုသို့ပြောင်းလဲကြောင်းကို ဦးစီးဌာနသို့ စာဖြင့်အကြောင်းကြားရမည်၊

(ဂ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ရရှိသူ သေဆုံးလျှင် ယင်း၏တရားဝင် ဆက်ခံသူက သတ်မှတ်သော နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထား ရမည်။

## အခန်း (၉)

## လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပျက်ပြယ်ခြင်း

၁၉။ လိုင်စင်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို ပြုလုပ်လျှင် ဦးစီးဌာနသည် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည် -

(က) လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဦးစီးဌာန၏ ခွင့်ပြုချက် မရဘဲ လုပ်ငန်းကို လွှဲပြောင်းလုပ်ကိုင်စေခြင်း၊

(ဂ) လိုင်စင်ကို လွှဲပြောင်းရောင်းချခြင်း။

၂၀။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်ပျက်ပြယ်သည် -

(က) လိုင်စင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(ဂ) လိုင်စင်ပယ်ဖျက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူက လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

## အခန်း (၁၀)
## အယူခံခြင်း

၂၁။ လိုင်စင်နှင့် စပ်လျဉ်း၍ ဦးစီးဌာနက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀အတွင်း ဝန်ကြီးထံသို့ အယူခံနိုင်သည်။

၂၂။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

၂၃။ မည်သူမျှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တစ်ခုခုကို ပုဒ်မ ၁၆ ပုဒ်မခွဲ (က)အရ ထုတ်ပေးသော လိုင်စင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၂၄။ လိုင်စင်ရရှိသူသည် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းကို လွှဲပြောင်းလုပ်ကိုင်စေခြင်း သို့မဟုတ် လိုင်စင်ကိုလွှဲပြောင်းရောင်းချခြင်း မပြုရ။

၂၅။ လိုင်စင်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူသည် -

(က) လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ၊

(ခ) ပုဒ်မ ၁၈ ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ၊

(ဂ) ဝန်ကြီးဌာနကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၆။ (က) မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅ဝဝဝဝ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ခ) ပုဒ်မခွဲ (က)အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်သည့် ကာလအတွက် တစ်ရက်လျှင် ဒဏ်ငွေ ကျပ် ၅၀၀၀ ချမှတ်ခြင်း ခံရမည်။

၂၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားငွေဒဏ် ကျပ် ၅ဝဝဝဝ အထိချမှတ်ရမည်။

၂၈။ လိုင်စင်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက တာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူသည် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအားငွေဒဏ်ကျပ် ၅၀၀၀ အထိ ချမှတ်ရမည်။

## အခန်း (၁၃)

## အထွေထွေ

၂၉။ မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေအရ ခရီးသွားလာရေးလုပ်ငန်းတစ်ခုခုအတွက် ထုတ်ပေးထားသည့် လိုင်စင်သက်တမ်းမကုန်ဆုံးသေးသော လိုင်စင်သည် ယင်းလိုင်စင်သက်တမ်း ကုန်ဆုံးသည့် နေ့အထိသာ အတည်ဖြစ်စေရမည်။

၃၀။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေအရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

၃၂။ ဤဥပဒေဖြင့် မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေ (ဥပဒေအမှတ် ၁၃/၉၀) ကို ရုပ်သိမ်း လိုက်သည်။